# ၁၉၅၇ ခုနှစ်၊ ဘဏ္ဍာတော်(ပြင်ဆင်ချက်)အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ ဘဏ္ဍာတော်(ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၆ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေပုဒ်မ ၆ အစား၊အောက်ပါကို ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

"၆။ ။<u>လောင်းကစားခွန်။</u> ။လောင်းကစားခွန်အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(၁)တွင်ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေတစ်ရပ်တွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ရန်ကုန်မြို့တွင်းနှင့် ပြင်ပတွင်ကျင်းပသော မြင်းပွဲများ၌ စုပ်ဒိုင်တွင်လောင်းကြေးငွေအဖြစ် ပေးသွင်းသောငွေ အားလုံးပေါ်တွင် အခွန်ကို၊ ထိုလောင်းကြေးငွေများ၏ ၂၀ နှင့် ၁၀ ရာခိုင်နှုန်းဖြင့် အသီးသီး စည်းကြပ်ရမည်။"

၃။ ။အဆိုပါအက်ဥပဒေ၏ပဋ္ဌမဇယား၊ အပိုင်း ၁ တွင်—

(က) အပိုဒ် ခ ၌ "နှင့်မှတ်ပုံတင်ထားသည့် ကုန်ဖက်စပ်လုပ်ငန်း" ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

(ခ) အပိုဒ် ခ နောက်၌အောက်ပါကိုအပိုဒ် ဂ အဖြစ်ထည့်သွင်းရမည်။

"ဂ။ ။မှတ်ပုံတင်ထားသည့်ကုန်ဖက်စပ်လုပ်ငန်းများတွင်—

၁။ ။စုစုပေါင်း ဝင်ငွေအနက်၊ ပဌမကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် .... မရှိ။

၂။ ။စုစုပေါင်း ဝင်ငွေအနက်၊ နောက်ထပ် ကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် .... ၅ ရာခိုင်နှုန်း။

၃။ ။စုစုပေါင်း ဝင်ငွေအနက်၊ နောက်ထပ် ကျပ်ငွေ ၇၀,၀၀၀ ပေါ်တွင် .... ၇ ရာခိုင်နှုန်း။

၄။ ။စုစုပေါင်း ဝင်ငွေအနက်၊ ကျန်ကျပ် ငွေပေါ်တွင် .... ၁၀ ရာခိုင်နှုန်း။"

အဘိုး—၁၀ ပြား]

ပ၊မ၊ပ၊စ၊—အမှာ ၂၂၆၊ တရားရေးဝန်ကြီးဌာန၊ ၇-၅-၅၇—၄၅၀ ÷ ၂,၂၀၀—၂။